# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်

## (Environmental Compliance Certificate - ECC)

သက်သေခံလက်မှတ်အမှတ်။ ECC ( ၁၂၄၀ ) ရက်စွဲ။ ၂ ၀ ၂ ၅ ခုနှစ်၊ မတ်လ ၂၅ ရက်

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၉/၂၀၁၂) နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း (အမိန့်ကြော်ငြာစာအမှတ် ၆၁၆/၂၀၁၅) တို့အရ နောက်ဆက်တွဲ (က) တွင် ဖော်ပြထားသော အဆိုပြုစီမံကိန်းအား နောက်ဆက်တွဲ (ခ) ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်စေလျက် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate - ECC) ကို ထုတ်ပေးလိုက်သည်-

| | | | |
|---|---|---|---|
| (က) | **စီမံကိန်းအဆိုပြုသူ** | - | ဦးမြတ်သူ (စီမံကိန်းပိုင်ရှင်) |
| (ခ) | **ဆက်သွယ်ရန် လိပ်စာ** | - | Paragon Printing Manufacturing Co., Ltd.<br>မြေကွက်အမှတ် (၁၀၄/ခ)၊ စက်မှုဇုန်(၁)၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း - ၀၁ ၅၉၃၆၆၅ ။ |
| (ဂ) | **စီမံကိန်းအမျိုးအစား** | - | နိုင်ငံတကာအဆင့်မီ အထည်ပန်းရိုက်ခြင်းနှင့် ရောင်းချခြင်း လုပ်ငန်း |
| (ဃ) | **စီမံကိန်းကာလ** | - | အခွင့်အမိန့်ရအဖွဲ့အစည်းကခွင့်ပြုသည့်ကာလ |
| (င) | **စီမံကိန်း၏ အရွယ်အစား** | - | ( ၂ ) ဧက |
| (စ) | **စီမံကိန်းတည်နေရာ** | - | မြေကွက်အမှတ် (၁၀၄/ခ)၊ စက်မှုဇုန်(၁)၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| (ဆ) | **ECC သက်တမ်း (၅)နှစ်** | - | စတင်ထုတ်ပေးရက် - ၁၇- ၂- ၂၀၂၅<br>သက်တမ်းကုန်ဆုံးရက် - ၁၆- ၂- ၂၀၃၀ |
| (ဇ) | **အတည်ပြုအစီရင်ခံစာ** | - | ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးမှ ၁၆-၈-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ ရကာ/EIA ၅ (၃) (၂၆၈၀/၂၀၂၄) ဖြင့် တင်ပြသည့် **"ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်(EMP)အစီရင်ခံစာ"** |



ခန့်- ၂၅.၃.၂၀၂၅

ပြည်ထောင်စုဝန်ကြီး (ကိုယ်စား)

(လှမောင်သိန်း၊ အမြဲတမ်းအတွင်းဝန်)

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

**စည်းကမ်းချက်များ**

၁။ စီမံကိန်းအဆိုပြုသူသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ရမည်-

(က) ဤသက်သေခံလက်မှတ်၏ နောက်ဆက်တွဲပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန်၊

(ခ) ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို ကြိုတင်ကာကွယ်ရေး၊ အနိမ့်ဆုံး ဖြစ်စေရေးနှင့် ထိခိုက်မှုများကို ပြန်လည်ကုစားရေး ဆောင်ရွက်ပေးရန်၊

(ဂ) စီမံကိန်းအဆိုပြုသူ၏ စီမံကိန်းဆိုင်ရာ ကတိကဝတ်များနှင့် လိုက်နာထမ်းဆောင်ရမည့် တာဝန်များကို သတ်မှတ်ရန်၊

(ဃ) လက်ခံနိုင်သော ပတ်ဝန်းကျင်အရည်အသွေးဖြစ်စေရေးအတွက် စံချိန်စံညွှန်းများနှင့် အရည်အသွေးတိုင်းတာရေးနည်းလမ်းများ သတ်မှတ်ရန်၊

(င) စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အစီရင်ခံခြင်းတို့ကို ပုံမှန်ဆောင်ရွက်စေရန်၊

(စ) စီမံကိန်းတွင် စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည့် ပတ်ဝန်းကျင်စီမံခန့်ခွဲရေး အစီအမံ တစ်ရပ်ကို ရေးဆွဲဆောင်ရွက်ရန်၊

(ဆ) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား (၆) လ တစ်ကြိမ် ရေးဆွဲတင်ပြရန်၊

(ဇ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအရွယ်အစား၊ တည်နေရာ၊ ဆက်သွယ်ရန်လိပ်စာ၊ လုပ်ငန်း ဆောင်ရွက်မှု ရှိ/ မရှိ အခြေအနေများ ပြောင်းလဲမှုရှိပါက ဝန်ကြီးဌာနသို့ ဆက်သွယ် အကြောင်းကြားရန်၊

(ဈ) ဤဝန်ကြီးဌာနမှ အခါအားလျော်စွာ ထုတ်ပြန်သောအမိန့်၊ ညွှန်ကြားချက်များကို လိုက်နာ ဆောင်ရွက်ရန်၊

(ည) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် လုပ်ငန်းဆောင်ရွက်ရန်အတွက် ခွင့်ပြုမိန့်ထုတ်ပေးခြင်း မဟုတ်ဘဲ ပတ်ဝန်းကျင်ထိန်း သိမ်းရေးဆိုင်ရာ စည်းကမ်းချက်များအား လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး မြေအသုံးပြု ခွင့်နှင့် လုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့်တို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာန သို့မဟုတ် အခွင့်အမိန့်ရ အဖွဲ့အစည်းများ၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များ နှင့်အညီ ရယူလိုက်နာဆောင်ရွက်ရန်၊

(ဋ) ဤသက်သေခံလက်မှတ်သည် လုပ်ငန်းပိုင်ဆိုင်မှုနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၂။ သက်ဆိုင်ရာ ခွင့်ပြုမိန့်ထုတ်ပေးသည့်ဌာနမှ ခွင့်ပြုမိန့် ပယ်ဖျက်လျှင်သော်လည်းကောင်း၊ သက်တမ်းတိုးပေးခြင်း မရှိလျှင်သော်လည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာ ဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းရှိစေကာမူ ဤသက်သေခံလက်မှတ်၏ သက်တမ်း သည်လည်း အလိုအလျောက် ကုန်ဆုံးသည်ဟု မှတ်ယူရမည်။

နောက်ဆက်တွဲ(က)

**Paragon Printing Manufacturing Co., Ltd. မှ နိုင်ငံတကာအဆင့်မီ အထည်ပန်းရိုက်ခြင်းနှင့် ရောင်းချခြင်းလုပ်ငန်း၏ စီမံကိန်းအကြောင်းအရာ**

၁။ Paragon Printing Manufacturing Co., Ltd. မှ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ စက်မှုဇုန်(၁)၊ မြေကွက်အမှတ် (၁၀၄/ခ)၊ မြေဧရိယာ (၅.၄) ဧကအနက်မှ (၂) ဧကပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် နိုင်ငံတကာအဆင့်မီ အထည်ပန်းရိုက်ခြင်းနှင့် ရောင်းချခြင်းလုပ်ငန်းအတွက် ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးမှ ၁၆-၈-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ ရက/EIA ၅ (၃) (၂၆၈၀/၂၀၂၄) ဖြင့် တင်ပြခဲ့သည့် အပြီးသတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်(EMP) အစီရင်ခံစာကို ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate – ECC) ထုတ်ပေးခြင်းဖြစ်သည်။

၂။ **စီမံကိန်းအဆိုပြုသူ**။ ဦးမြတ်သူ၊ စီမံကိန်းပိုင်ရှင် ၊ Paragon Printing Manufacturing Co., Ltd.၊ မြေကွက်အမှတ် (၁၀၄/ခ)၊ စက်မှုဇုန်(၁)၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း - ၀၁ ၅၉၃၆၆၅ ဖြစ်ပါသည်။

၃။ **စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့်**။ လုပ်ငန်းစဉ်အဆင့်ဆင့်အနေဖြင့် ကုန်ကြမ်းများ ဝယ်ယူစုဆောင်းခြင်း၊ ပိတ်စများအား လျှော်ဖွတ်ခြင်း၊ ပိတ်စများအား ဆေးဆိုးခြင်း၊ ပိတ်စများအား ပေါင်းခံ၍ သန့်စင်ခြင်း၊ ပိတ်စအရွယ်အစားအား ပြင်ဆင်အပူပေးခြင်း၊ ပိတ်စများဖြတ်ခြင်း၊ ပါကင်ထုပ်ပိုးခြင်းတို့ဖြစ်ကြောင်း ဖော်ပြထားပါသည်။

၄။ **အသုံးပြုကုန်ကြမ်းပစ္စည်းများ**။ စီမံကိန်းလုပ်ငန်းဆောင်ရွက်ရာတွင် ပြည်တွင်းလုပ်သား (၂၁၉)ဦးနှင့် ပြည်ပဝန်ထမ်း (၈)ဦး စုစုပေါင်းဝန်ထမ်းအင်အား (၂၂၇)ဦးဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ လျှပ်စစ်ဓါတ်အားကို ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းမှ ရယူပြီး လျှပ်စစ်သုံးစွဲမှုအနေဖြင့် (2,000) kVA ထရန်စဖော်မာ (၁) လုံးဖြင့် လုပ်ငန်းလည်ပတ်မည်ဖြစ်ပြီး၊ တစ်လလျှင် 58,300 kWh သုံးစွဲကြောင်း၊ စက်ရုံတွင် 500 kVA ဒီဇယ်ဂျင်နရေတာ (၁)လုံး ထားရှိပြီး လျှပ်စစ်မီးပြတ်တောက်ချိန်များတွင် (၁)လလျှင် ပရီမီယံဒီဇယ် (၁၅,၀၀၀)ဂါလန်ခန့်သုံးစွဲမည်ဖြစ်ကြောင်း၊ ရေသုံးစွဲမှုအနေဖြင့် စက်ရုံရှိ အဝီစိတွင်းမှ ရယူသုံးစွဲမည်ဖြစ်ပြီး Printing process အတွက် တစ်ရက်လျှင် ရေ ၈၀၀,၀၀၀ လီတာခန့် သုံးစွဲမည်ဖြစ်ကြောင်း၊ အဓိကကုန်ကြမ်းမှာ FABRIC, DYE, Chemical စသည့် ကုန်ကြမ်းပစ္စည်းများအား တရုတ်နိုင်ငံမှ တင်သွင်းမည်ဖြစ်ကြောင်းနှင့် ကုန်ကြမ်း

ပစ္စည်းနှင့် ဓာတုပစ္စည်းများကို အောက်ပါဇယားအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်-

**အသုံးပြုကုန်ကြမ်းပစ္စည်းများ**

| No | Particulars | Unit | Year-1 | Year-2 | Year-3 | Year-(4-10) |
|---|---|---|---|---|---|---|
| | **FABRIC** | | | | | |
| 1 | 100% Cotton | Yds | 6,000,000 | 6,060,000 | 6,120,000 | 6,180,000 |
| 2 | 100% Rayon | Yds | 4,800,000 | 4,848,000 | 4,896,000 | 4,944,000 |
| 3 | Mix Polyster Cotton | Yds | 1,200,000 | 1,212,000 | 1,224,000 | 1,236,000 |
| 4 | Mix Polyster Rayon | Yds | 1,440,000 | 1,454,400 | 1,468,800 | 1,483,200 |
| | **DYE** | | | | | |
| 1 | Reactive Dye gm | gm | 100,224,000 | 101,226,240 | 102,228,480 | 103,230,720 |
| 2 | Disperse Dye gm | gm | 4,296,000 | 4,338,960 | 4,381,920 | 4,424,880 |
| 3 | Pigment Dye gm | gm | 23,112,000 | 23,343,120 | 23,574,240 | 23,805,360 |

**အသုံးပြုဓာတုပစ္စည်းများ**

| No | Particulars | Unit | Year-1 | Year-2 | Year-3 | Year-(4-10) |
|---|---|---|---|---|---|---|
| 1 | Enzyme | gm | 3,496,800 | 3,531,768 | 3,566,736 | 3,601,704 |
| 2 | Caustic Soda | gm | 69,354,000 | 70,047,540 | 70,741,080 | 71,434,620 |
| 3 | Hydrogen Peroxide | gm | 36,234,000 | 36,596,340 | 36,958,680 | 37,321,020 |
| 4 | Soaping Agent | gm | 7,993,200 | 8,073,132 | 8,153,064 | 8,232,996 |
| 5 | Stabilyzer | gm | 3,496,800 | 3,531,768 | 3,566,736 | 3,601,704 |
| 6 | Formic Acid | gm | 3,469,800 | 3,531,768 | 3,566,736 | 3,601,704 |
| 7 | Urea | gm | 326,100,000 | 329,361,000 | 332,622,000 | 335,883,000 |
| 8 | Obical Britening Agent | gm | 346,800 | 350,268 | 353,736 | 357,204 |
| 9 | Prenatating Agent | gm | 7,963,200 | 8,042,832 | 8,122,464 | 8,202,096 |
| 10 | Acid Buffer | gm | 1,748,400 | 1,765,884 | 1,783,368 | 1,800,852 |
| 11 | Buffer Alkaline | gm | 1,748,400 | 1,765,884 | 1,783,368 | 1,800,852 |
| 12 | Sault Reserve | gm | 48,132,000 | 48,613,320 | 49,094,640 | 49,575,960 |
| 13 | Thinkener | gm | 76,368,000 | 77,131,680 | 77,895,360 | 78,659,040 |
| 14 | Urea Emulsifier | gm | 17,484,000 | 17,658,840 | 17,833,680 | 18,008,520 |
| 15 | Sodiam Bicarbonate | gm | 69,936,000 | 70,635,360 | 71,334,720 | 72,034,080 |
| 16 | Kerosine | gm | 283,380,000 | 286,213,800 | 289,047,600 | 291,881,400 |

| No | Particulars | Unit | Year-1 | Year-2 | Year-3 | Year-(4-10) |
|---|---|---|---|---|---|---|
| 17 | EDTA | gm | 17,484,000 | 17,658,840 | 17,833,680 | 18,008,520 |
| 18 | Binder | gm | 60,888,000 | 61,496,880 | 62,105,760 | 62,714,640 |
| 19 | Bronze Powder | gm | 109,500,000 | 110,595,000 | 111,690,000 | 112,785,000 |
| 20 | Glitter Powder | gm | 203,100,000 | 205,131,000 | 207,162,000 | 209,193,000 |
| 21 | Resisting Agent | gm | 48,132,000 | 48,613,320 | 49,094,640 | 49,575,960 |
| 22 | Softener | gm | 167,640,000 | 169,316,400 | 170,992,800 | 172,669,200 |
| 23 | Silicone Soft | gm | 87,420,000 | 88,294,200 | 89,168,400 | 90,042,600 |
| 24 | Fixing Agent | gm | 17,484,000 | 17,658,840 | 17,833,680 | 18,008,520 |
| 25 | Poly Uritane Soft | gm | 22,500,000 | 22,725,000 | 22,950,000 | 23,175,000 |
| 26 | Emulsifer Wax | gm | 37,500,000 | 37,875,000 | 38,250,000 | 38,625,000 |
| 27 | Poly Viny Acetate | gm | 57,468,000 | 58,042,680 | 58,617,360 | |

၅။ **စီမံကိန်းတည်နေရာ။** ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ စက်မှုဇုန်(၁)၊ မြေကွက်အမှတ် (၁၀၄/ခ)၊ မြေဧရိယာ (၅.၄) ဧကအနက်မှ (၂) ဧကပေါ်တွင် တည်ရှိပါသည်။

**Paragon Printing Manufacturing Co., Ltd. မှ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်ဆိပ်ကမ်း၊ စက်မှုဇုန်(၁)၊ မြေကွက်အမှတ် (၁၀၄/ခ)၊ မြေဧရိယာ (၅.၄) ဧကအနက်မှ (၂) ဧကပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် နိုင်ငံတကာအဆင့်မီ အထည်ပန်းရိုက်ခြင်းနှင့် ရောင်းချခြင်းလုပ်ငန်း၏ တည်နေရာပြမြေပုံ**




**Paragon Printing Manufacturing Co., Ltd. မှ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်ဆိပ်ကမ်း၊ စက်မှုဇုန်(၁)၊ မြေကွက်အမှတ် (၁၀၄/ခ)၊ မြေဧရိယာ (၅.၄) ကေအနက်မှ (၂) ကေပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် နိုင်ငံတကာအဆင့်မီ အထည်ပန်းရိုက်ခြင်းနှင့် ရောင်းချခြင်းလုပ်ငန်း၏ Layout Plan**




1 - Operation Area
2 - Boiler
3 - Boiler fuel
4 - Waste Water Treatment Plant
5 - First sedimentation tank
6 - NaOH Recover Pond
7 - Dormitory

**Paragon Printing Manufacturing Co., Ltd. မှ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်ဆိပ်ကမ်း၊ စက်မှုဇုန်(၁)၊ မြေကွက်အမှတ် (၁၀၄/ခ)၊ မြေဧရိယာ (၅.၄) ဧကအနက်မှ (၂) ဧကပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် နိုင်ငံတကာအဆင့်မီ အထည်ပန်းရိုက်ခြင်းနှင့် ရောင်းချခြင်းလုပ်ငန်း၏ လုပ်ငန်းဆောင်ရွက်ပုံအဆင့်ဆင့်**



နောက်ဆက်တွဲ(ခ)

**ကတိကဝတ်များ၊ စည်းကမ်းသတ်မှတ်ချက်များနှင့် အထွေထွေစည်းကမ်းများ**

**ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်(EMP)အရ လိုက်နာဆောင်ရွက်ရမည့်ကတိကဝတ်များ**

၆။ Paragon Printing Manufacturing Co., Ltd. မှ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ စက်မှုဇုန်(၁)၊ မြေကွက်အမှတ် (၁၀၄/ခ)၊ မြေဧရိယာ (၅.၄) ဧကအနက်မှ (၂) ဧကပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် နိုင်ငံတကာအဆင့်မီ အထည်ပန်းရိုက်ခြင်းနှင့် ရောင်းချခြင်းလုပ်ငန်းအတွက် ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးမှ ၁၆-၈-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ ရက/EIA ၅ (၃) (၂၆၈၀/၂၀၂၄) ဖြင့် တင်ပြလာသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်(EMP)တွင် ဖော်ပြထားသည့် အောက်ပါကတိကဝတ်များကို လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်း။** စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့် စီမံကိန်းနှင့်သက်ဆိုင်သည့် အခြားမူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများကို လိုက်နာဆောင်ရွက်ရမည်။

(ခ) **စီမံကိန်းဆောင်ရွက်မည့်နည်းစဉ်။** လုပ်ငန်းစဉ်အဆင့်ဆင့်အနေဖြင့် ကုန်ကြမ်းများ ဝယ်ယူစုဆောင်းခြင်း၊ ပိတ်စများအား လျှော်ဖွတ်ခြင်း၊ ပိတ်စများအား ဆေးဆိုးခြင်း၊ ပိတ်စများအား ပေါင်းခံ၍ သန့်စင်ခြင်း၊ ပိတ်စအရွယ်အစားအား ပြင်ဆင်အပူပေးခြင်း၊ ပိတ်စများဖြတ်ခြင်း၊ ပါကင်ထုပ်ပိုးခြင်းတို့ဖြစ်ကြောင်း ဖော်ပြထားပါသည်။

(ဂ) **လေထုအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဘွိုင်လာနှင့် မီးစက်တို့တွင် မီးခိုးခေါင်းတိုင် တပ်ဆင်ခြင်းဖြင့် အခိုးအငွေ့ကြောင့် ပတ်ဝန်းကျင်ထိခိုက်မှုကို လျော့နည်းစေရေးဆောင်ရွက်ရန်၊

(၂) စက်ရုံဝန်းအတွင်းနှင့် အနီးအနားတွင် အရိပ်ရသစ်ပင်ပန်းပင်များ စိုက်ပျိုးခြင်းဖြင့် ကာဗွန်ဒိုင်အောက်ဆိုဒ်ထွက်ရှိမှုကို လျော့နည်းစေရန် ဆောင်ရွက်ရန်၊

(၃) နိုက်ထရိုအောက်ဆိုဒ် ထွက်ရှိမှုနည်းသော နည်းပညာဖြင့် စက်ပစ္စည်းကိရိယာများအား အသုံးပြုခြင်းနှင့် စက်ပစ္စည်းများအား ပုံမှန်စစ်ဆေးဆောင်ရွက်ရန်၊

(၄) လုပ်ငန်းခွင်တွင် အလုပ်သမားများကို တစ်ကိုယ်ရေကာကွယ်ရေးပစ္စည်း PPE ဝတ်စုံများ သို့မဟုတ် သင့်တော်သည့် Mask များ ထောက်ပံ့ဆောင်ရွက်ရန်၊

(၅) လေထုညစ်ညမ်းမှုကို ထိန်းချုပ်ရန်အတွက် မော်တော်ယာဉ်များ၊ မီးစက်များနှင့် စက်ယန္တရားများကို ပုံမှန်စစ်ဆေးရန်၊

(၆) ယာဉ်များ၊ Compressor နှင့် မီးစက်များကို Efficiency ကောင်းမွန်မှု ရှိစေရေး စီစဉ်ထားရှိရန်။

(၇) လုပ်ငန်းခွင်အတွင်း အမှိုက်မီးရှို့ခြင်းကို တားမြစ်ဆောင်ရွက်ရန်။

(ဃ) **အနံ့စီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ပုံနှိပ်ခြင်းလုပ်ငန်းစဉ်မှ အနံ့ထွက်ရှိနိုင်သည့်အတွက် ပုံနှိပ်စက်ကိရိယာများကို ပုံမှန် သန့်ရှင်းပေးခြင်း၊ ပိတ်စများကိုနာပြင်ရှိ မှင်အကြွင်းအကျန်များမှ အနံ့ထွက်ရှိမှုမရှိစေရေး ဆောင်ရွက်ရန်၊

(၂) လုပ်ငန်းလည်ပတ်ရာတွင် လုပ်သားများအား နှာခေါင်းစည်း အကာအကွယ်များ ဝတ်ဆင်၍ လုပ်ကိုင်ဆောင်ရွက်ရန်၊

(၃) စက်ရုံပြင်ပသို့ အနံ့များမပျံ့လွင့်စေရန် လေဝင်လေထွက်ကောင်းစေသည့် စနစ်များအား တပ်ဆင်ဆောင်ရွက်ရန်။

(င) **ရေအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ရေနုတ်မြောင်းမှ စွန့်ထုတ်သည့် စွန့်ပစ်ရေတွင် အနံ့ဆိုးထွက်ရှိမှုမရှိစေရေး ဆောင်ရွက်ရန်၊

(၂) Printing Process, Washing Line မှ ထွက်ရှိသည့် စွန့်ပစ်ရေအား Wastewater Treatment System ဖြင့် သန့်စင်ဆောင်ရွက်ပြီးမှသာ စွန့်ထုတ်ရန်၊

(၃) စွန့်ပစ်အရည် စီမံခန့်ခွဲမှုအနေဖြင့် ထမင်းစားခန်း၊ ကန်တင်း၊ ရေချိုးခန်းနှင့် အိမ်သာမှ ထွက်ရှိသော စွန့်ပစ်ရေများအား မိလ္လာကန်သို့ စွန့်ထုတ်ဆောင်ရွက်ရန်၊

(၄) အလုပ်သမားများအတွက် ကျန်းမာရေးနှင့်ညီညွတ်သော မိလ္လာစွန့်ပစ်သည့် စနစ်များအား တပ်ဆင်ဆောင်ရွက်ရန်၊

(၅) လက်ရှိရေဆိုးစွန့်ပစ်သည့် မိလ္လာစနစ်အား ပုံမှန်စစ်ဆေးခြင်းများ ဆောင်ရွက်ရန်၊

(၆) စက်ပစ္စည်း၊ မော်တော်ယဉ်များမှ ဆီယိုဖိတ်ခြင်းလျော့နည်းစေရန် စက်ပစ္စည်း ကိရိယာများအား ပုံမှန်ပြုပြင်ထိန်းသိမ်းရန်၊

(၇) အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ၏ သတ်မှတ်ထားသော လမ်းညွှန်တန်ဖိုးများနှင့်အညီ ထိန်းသိမ်းလိုက်နာ ဆောင်ရွက်ရန်။

(စ) **ဆူညံသံ၊တုန်ခါမှုစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စက်ရုံလုပ်သားများအား ဆူညံသံကြောင့် ကျန်းမာရေးထိခိုက်မှုမရှိစေရန် နားအကာအကွယ်ဖြစ်သည့် အသံလုံနားကြပ်၊ ဖော့ဆို(Ear Plugs)၊ ဝါဂွမ်းများအား အသုံးပြုသွားရန်၊

(၂) စက်ရုံပြင်ပသို့ ဆူညံသံလျော့ပါးစေသည့် အကာအရံများ တပ်ဆင်ထားရှိခြင်းနှင့် ဆူညံမှုနည်းပါးသည့် ပစ္စည်းကိရိယာများအား ရွေးချယ်အသုံးပြုသွားရန်၊

(၃) လုပ်ငန်းတွင်အသုံးပြုသည့် စက်ပစ္စည်းကိရိယာများအား ပုံမှန်စစ်ဆေးခြင်း၊ ပြုပြင်ခြင်း၊ ဆူညံသံလျော့နည်းစေရန် စက်ပစ္စည်းကိရိယာများအား ပြုပြင်အစားထိုးခြင်းများ ဆောင်ရွက်သွားရန်၊

(၄) အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ၏ သတ်မှတ်ထားသော လမ်းညွှန်တန်ဖိုးများနှင့်အညီ ထိန်းသိမ်းလိုက်နာဆောင်ရွက်ရန်။

(ဆ) **စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လုပ်ငန်းဆောင်ရွက်ရာမှ ထွက်ရှိသည့် ပိတ်စအပိုင်းအစများ၊ မီးဖိုချောင်နှင့် ရုံးသုံးစွန့်ပစ်ပစ္စည်းများအား ပြန်လည်သုံးစွဲရန်နှင့် စွန့်ပစ်ရန်အဖြစ် သတ်မှတ်ပြီး အမှိုက်များကို ခွဲခြားစွန့်ပစ်ရန်၊

(၂) စွန့်ပစ်ပစ္စည်း အစိုင်အခဲများအား YCDC နှင့် ချိတ်ဆက်စွန့်ပစ်မည်ဖြစ်ပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ချမှတ်ထားသော လမ်းညွှန်ချက်များ၊ ဥပဒေများကို အလေးထားလိုက်နာဆောင်ရွက်ရန်။

(ဇ) **Mercerizing Process စီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စွန့်ပစ်ဓာတုပစ္စည်းဘူးခွံများအား သီးသန့်ခွဲခြားသိမ်းဆည်းထားခြင်းနှင့် ဒေသတွင်းဝယ်ယူသူများထံသို့ ပြန်လည်ရောင်းချရန်၊

(၂) လုပ်ငန်းဆောင်ရွက်ရာတွင် သင့်လျော်သော PPE ဝတ်စုံများဝတ်ဆင်၍ လုပ်ငန်းဆောင်ရွက်ရန်၊

(၃) Mercerizing Process တွင် လုပ်ကိုင်မည့် လုပ်သားများအား ဓာတုပစ္စည်းကိုင်တွယ် အသုံးပြုခြင်း သင်တန်းအား (၃) လတိုင်တိုင် မဖြစ်မနေ လေ့ကျင့်သင်ကြားပေးရန်၊

(၄) Mercerizing Process ဆောင်ရွက်သည့် လုပ်ငန်းခွင်နေရာတွင် အငွေ့ပျံမှုမရှိစေရေး Aadequate Ventilation Systems ထားရှိဆောင်ရွက်ရန်၊

(၅) လုပ်ငန်းလည်ပတ်သည့် ဧရိယာအတွင်းတွင် Material safety data sheet (MSDS) အား ချိတ်ဆွဲထားရှိရန်၊

(၆) လုပ်ငန်းပိတ်သိမ်းသည့်အချိန်တွင် ဓာတုပစ္စည်းသိုလှောင်ကန် (Chemical Containers )များ၊ စွန့်ပစ်ရေဆိုးကန်များအား စွန့်ပစ်/ဖျက်သိမ်းရာ၌ YCDC နှင့် ချိတ်ဆက်ပြီး သက်ဆိုင်ရာဌာန၏ လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်ရန်။

(ဈ) **Washing Process စီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) Washing Step မှ ထွက်ရှိသည့် စွန့်ပစ်ရေများအား ပြန်လည်သန့်စင်ပြီးမှသာ စက်မှုဇုန်ရေနုတ်မြောင်းသို့ စွန့်ထုတ်ဆောင်ရွက်ရန်၊

(၂) ရေဆိုးသန့်စင်သည့်ကန်အား ပုံမှန်စစ်ဆေး ဆောင်ရွက်ရန်၊

(၃) အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ၊ လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးဥပဒေ (၂၀၁၉)တို့နှင့် အညီ ထိန်းသိမ်းလိုက်နာဆောင်ရွက်ရန်။

(ည) **ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ဘေးအန္တရာယ်ရှိဓာတုပစ္စည်းများအား စနစ်တကျ သိုလှောင်သိမ်းဆည်းခြင်းများဆောင်ရွက်ရန်၊

(၂) ဘေးအန္တရာယ်ရှိ စွန့်ပစ်ဓာတုပစ္စည်းဘူးခွံများအား ဒေသတွင်း ဝယ်ယူသူများထံသို့ ပြန်လည်ရောင်းချရန်၊

(၃) ပြန်လည်အသုံးပြု၍ မရသည့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများကို အထူးလိုင်စင်ရ ပို့ဆောင်သူများနှင့်ချိတ်ဆက် စွန့်ပစ်ရန်၊(ဥပမာ-DOWA and YC DC)

(၄) Printing process မှထွက်ရှိသည့် စွန့်ပစ်ရေများအား ပြန်လည်သန့်စင်၍ စက်မှုဇုန် ရေနုတ်မြောင်းမှ စွန့်ထုတ်ရန်။

(ဋ) **လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး စီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အဆိုပြုလုပ်ငန်းတွင် ဆေးခန်းနှင့်သူနာပြုများထားရှိ၍ အလုပ်သမားများ မတော်တဆ ထိခိုက်မှုရှိပါက အဆိုပါဆေးခန်းမှ ဆေးကုသမှုများ ဆောင်ရွက်ရန်၊

(၂) စက်ရုံအတွင်း အလုပ်သမားများအတွက် PPE ဝတ်စုံများအား စက်ရုံပိုင်ရှင်မှ အလုံအလောက် ထောက်ပံ့ဆောင်ရွက်ရန်၊

(၃) စက်ရုံရှိ အလုပ်သမားများအား ဘေးအန္တရာယ်ကင်းရှင်းရေးသင်တန်းများ၊ အသိပညာပေးအစီအစဉ်များ၊ ကြိုတင်ဇာတ်တိုက်လေ့ကျင့်မှုများ အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(၄) အလုပ်သမားများ၏ တစ်ကိုယ်ရေကျန်းမာရေးအတွက် အခါအားလျော်စွာ ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်ရန်။

(ဥ) **အရေးပေါ်အခြေအနေတုံ့ပြန်ရေးစီမံခန့်ခွဲမှုအစီအစဉ်**။ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စက်ရုံအတွင်း မီးဘေးအန္တရာယ် သတိပေးဆိုင်းဘုတ်များ၊ အရေးပေါ် မီးသတ်ဆေးဘူး၊ မီးသတ်စနစ်နှင့် မီးသတ်ရေများအား အဆင်သင့်ထားရှိ ဆောင်ရွက်ရန်၊

(၂) အရေးပေါ်ဆက်သွယ်ရမည့် ဖုန်းနံပါတ်များကို ထင်သာမြင်သာရှိသောနေရာများတွင် ရေးသားချိတ်ဆွဲထားရှိရန်၊

(၃) မီးဘေးအန္တရာယ်ကင်းရှင်းရေးအတွက် မီးသတ်ဆေးဘူး၊ မီးသတ်ပိုက်နှင့် မီးသတ်ရေငုတ်/ကန်များအစရှိသည့် ပစ္စည်းကိရိယာများကို အချိန်ပြည့် အသင့်ဖြစ်နေစေရေးဆောင်ရွက်ရန်၊

(၄) မြို့နယ်မီးသတ်ဦးစီးဌာနမှစီစဉ်သော မီးဘေးအန္တရာယ်ကင်းရှင်းရေး အစီအစဉ်များ၊ အသိပညာပေးဟောပြောပွဲများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းနှင့် လမ်းညွှန်ချက်များအား အပြည့်အဝလိုက်နာဆောင်ရွက်ရန်၊

(၅) ဘေးအန္တရာယ်ကင်းရှင်းရေးကော်မတီဖွဲ့စည်းပြီး မီး၊ မြေငလျင်၊ ရေလွှမ်းမိုးမှုနှင့် မုန်တိုင်းကဲ့သို့သော အရေးပေါ်အခြေနေများ ဖြစ်ပေါ်ပါက ဆောင်ရွက်မည့် အစီအစဉ်အား ရေးဆွဲထားရှိရန်၊

(၆) ဘေးအန္တရာယ်ကင်းရှင်းရေး ပစ္စည်းကိရိယာများအား ပုံမှန် ပြုပြင်ထိန်းသိမ်းခြင်း၊ ထို့အပြင် မီးသတ်ဆေးဘူးများကဲ့သို့သော ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်သော မီးငြိမ်းသတ်ရေးကိရိယာများကို စက်ရုံဝန်းအတွင်း၌ ထားရှိရန်၊

(၇) ကြိုတင်သတိပေးစနစ်များထားရှိခြင်း၊ ဆက်သွယ်မှုများအတွက် စနစ်များတပ်ဆင်ခြင်း၊ နယ်ပယ်အတွင်း အနီးဆုံးနေရာမှ သဘာဝဘေးအန္တရာယ်များအတွင်း

အကူအညီများ ပေးအပ်နိုင်စေရန် ဌာနဆိုင်ရာကယ်ဆယ်ရေးအဖွဲ့အတွက် စီမံခန့်ခွဲခြင်းနှင့် လေ့ကျင့်မှုများ ဆောင်ရွက်ထားရှိရန်၊

(၈) လုပ်ငန်းဆောင်ရွက်နေသည့် ဝန်ထမ်းများအား မီးငြိမ်းသတ်လေ့ကျင့်ရေး လေ့ကျင့်မှုများ ပြုလုပ်ဆောင်ရွက်ခြင်း၊ ဘေးအန္တရာယ်ကင်းရှင်းရေး ကျွမ်းကျင်သူသည် ပြီးပြည့်စုံသော မီးဘေးကာကွယ်ရေးနှင့် တားဆီးရေး အစီအစဉ်ကို ပြင်ဆင်၊ အကောင်အထည်ဖော်၊ ထိန်းသိမ်းဆောင်ရွက်ခြင်း၊ လုံခြုံရေးဝန်ထမ်းများသည် မီးဘေးကာကွယ်ရေးကိရိယာများကို စစ်ဆေးခြင်း နှင့် ပြုပြင်ထိန်းသိမ်းခြင်းအပြင် မီးလောင်ကျွမ်းမှုဖြစ်စဉ်များကို စုံစမ်းစစ်ဆေး ခြင်းအတွက် တာဝန်ယူဆောင်ရွက်ရန်၊

(၉) လုပ်ငန်းခွင်အတွင်းရှိ အရေးပေါ်ထွက်ပေါက်များအားလုံးကို ရှင်းရှင်းလင်းလင်း အမှတ်အသားပြုထားခြင်း၊ အရေးပေါ်အခြေအနေတွင် လျင်မြန်စွာ ဖြတ်သန်း သွားလာနိုင်စေရန် အပျက်အစီးများ ကင်းစင်စွာ ထားရှိဆောင်ရွက်ရန်၊

(၁၀) သဘာဝဘေးအန္တရာယ်ကာလအတွင်း အရေးပေါ်လုပ်ဆောင်မှုများ ကြိုတင် ပြင်ဆင်နိုင်စေရန်အတွက် မြို့နယ်/ တိုင်း/ ပြည်နယ်အဆင့်အဖွဲ့အစည်းများမှ သင်တန်းများပေးအပ်ခြင်း၊ လေ့ကျင့်နေစဉ်အတွင်း မတူညီသော အခြေအနေများ အတွက် ဖြစ်နိုင်ချေရှိသော သဘာဝဘေးအန္တရာယ်ကာကွယ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များကို ကြိုတင်ဆောင်ရွက်ခြင်းများ လုပ်ဆောင်သွားရန်၊

(၁၁) အရေးပေါ်အချိန်များတွင် အသုံးပြုရန်ဘေးကင်းသော အမိုးအကာများ၊ ထုထည် မြင့်မားသောတာတမံများ ဆောက်လုပ်ခြင်းနှင့် ဘေးကင်းရာသို့ ရွှေ့ပြောင်းရန် အစီအစဉ်များပြုလုပ်ခြင်းနှင့် လေ့ကျင့်မှုများပြုလုပ်ခြင်းများ ဆောင်ရွက်သွား ရန်၊

(၁၂) အရေးပေါ်အခြေအနေများအတွင်း လိုအပ်မည့် အစားအစာ၊ ရေ၊ အဝတ်အထည်၊ ထောက်ပံ့ရေးပစ္စည်းများ၊ ဆောက်လုပ်ရေးပစ္စည်းများ၊ အမိုးအကာနှင့် အဆင်သင့် လုပ်ထားနိုင်သော ရွက်ဖျင်တဲများ၊ ကိရိယာများ စသည်တို့ကို သိုလှောင်ခြင်း သို့မဟုတ် သယ်ဆောင်နိုင်ရန် စီစဉ်ခြင်းနှင့် သယ်ယူပို့ဆောင်ရေး လမ်းကြောင်းများ သတ်မှတ်ပေးခြင်းတို့ လုပ်ဆောင်သွားရန်၊

(၁၃) အရေးပေါ်ကြီးကြပ်ရေးအဖွဲ့များ ဖွဲ့စည်းကာ အစမ်းလေ့ကျင့်မှုများ ပြုလုပ်ခြင်း နှင့် သဘာဝဘေးအန္တရာယ်အမျိုးအစားတစ်ခုစီအတွက် ထိခိုက်လွယ်သောဒေသ များကို ခွဲခြားသတ်မှတ်ခြင်းနှင့် အသိပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ ဖော်ထုတ်ခြင်း၊ ဆက်သွယ်ဆောင်ရွက်ခြင်းနှင့် သဘာဝဘေးအန္တရာယ် အမျိုးအစား

တစ်ခုစီအတွက် ကြိုတင်ကာကွယ်မှုအစီအမံများ ဆောင်ရွက်ခြင်းများ လုပ်ဆောင်သွားရန်။

(ဎ) **မီးဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်**။ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စက်ရုံအတွင်း မီးဘေးအန္တရာယ် သတိပေးဆိုင်းဘုတ်များ၊ အရေးပေါ် မီးသတ်ဆေးဘူး မီးသတ်စနစ်နှင့် မီးသတ်ရေများအား အဆင်သင့်ထားရှိ၍ ဆောင်ရွက်ရန်၊

(၂) အရေးပေါ်ဆက်သွယ်ရမည့် ဖုန်းနံပါတ်များကို ထင်သာမြင်သာရှိသော နေရာများတွင် ရေးသားချိတ်ဆွဲထားရှိ ဆောင်ရွက်ရန်၊

(၃) မီးဘေးအန္တရာယ်ကင်းရှင်းရေးအတွက် မီးသတ်ဆေးဘူး၊ မီးသတ်ပိုက်နှင့် မီးသတ် ရေငုတ်/ ကန်များအစရှိသည့် ပစ္စည်းကိရိယာများကို အချိန်ပြည့် အသင့်ဖြစ်နေစေရန် ဆောင်ရွက်ရန်၊

(၄) မြို့နယ်မီးသတ်ဦးစီးဌာနမှ စီစဉ်သော မီးဘေးအန္တရာယ်ကင်းရှင်းရေး အစီအစဉ်များ၊ အသိပညာပေးဟောပြောပွဲများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းနှင့် လမ်းညွှန်ချက်များအား အပြည့်အဝလိုက်နာဆောင်ရွက်ရန်။

(ဏ) **စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်**။ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေးနှင့် ပတ်သက်၍ ထုတ်လုပ်မှုဧရိယာ (16° 49′ 55.53″ N, 96° 17′ 5.75″ E) တွင် $PM_{2.5}$, $PM_{10}$, $O_3$, $SO_2$, $NO_2$, $CO_2$ စသည့် ပါရာမီတာတို့အား (၆) လလျှင် တစ်ကြိမ် တိုင်းတာစစ်ဆေးရန်၊

(၂) ဆူညံသံနှင့် ပတ်သက်၍ ထုတ်လုပ်မည့်ဧရိယာနှင့် စက်ရုံပတ်ဝန်းကျင် (16° 49′ 56.86″ N, 96° 17′ 2.91″ E) တို့တွင် (၆) လလျှင် တစ်ကြိမ် တိုင်းတာစစ်ဆေးရန်၊

(၃) ရေအရည်အသွေးနှင့်ပတ်သက်၍ Wastewater Treatment Plant မှ စွန့်ထုတ်မည့် ရေနုတ်မြောင်း(16° 49′ 58.95″ N, 96° 17′ 1.55″ E) တွင် Arsenic, Chlorine (total residual), Copper, Cyanide (free), Cyanide (total), Fluoride, Heavy metals (total), Iron, Lead, Mercury, Nickel, Oil and grease, pH, Phenols, Selenium, Silver, Sulfide, Temperature increase, Total coliform bacteria, Total phosphorus, Total suspended solids, Zinc, 5-day Biochemical oxygen demand, COD, Ammonia, Cadmium,

Chlorine (total residual), Color, Chromium(hexavalent) စသည့် Parameter များ အား (၆) လ လျှင် တစ်ကြိမ် တိုင်းတာစစ်ဆေးရန်၊

(၄) အနံ့နှင့် ပတ်သက်၍ ထုတ်လုပ်မည့်ဧရိယာ (16° 49′ 56.97″ N, 96° 17′ 3.9″ E) တို့တွင် (၆) လလျှင် တစ်ကြိမ် တိုင်းတာစစ်ဆေးရန်၊

(၅) စွန့်ပစ်ပစ္စည်းနှင့် ပတ်သက်၍ စက်ရုံအတွင်းရှိ Recycle House နှင့် Waste House (16° 49′ 56.93″ N, 96° 17′ 3.37″ E) တို့တွင် နေ့စဉ် တိုင်းတာစစ်ဆေးရန်၊

(၆) ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းနှင့် ပတ်သက်၍ စက်ရုံအတွင်းရှိ စွန့်ပစ်ပစ္စည်းသိုလှောင်ရုံ (16° 49′ 56.93″ N, 96° 17′ 3.37″ E) တို့တွင် အပတ်စဉ် တိုင်းတာစစ်ဆေးရန်၊

(၇) မီးဘေးအန္တရာယ် စီမံခန့်ခွဲမှုနှင့် ပတ်သက်၍ စက်ရုံအတွင်း (16° 49′ 56.93″ N, 96° 17′ 3.37″ E) တွင် လစဉ်တိုင်းတာစစ်ဆေးရန်၊

(၈) Light Intensity စီမံခန့်ခွဲမှုနှင့် ပတ်သက်၍ စက်ရုံအတွင်းရှိ ပိတ်စများဖြတ်သည့်အခန်းနှင့် အရည်အသွေးစစ်ဆေးသည့် အခန်းတွင် (၆) လလျှင် တစ်ကြိမ် တိုင်းတာစစ်ဆေးရန်၊

(၉) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး စီမံခန့်ခွဲမှုနှင့် ပတ်သက်၍ စက်ရုံအတွင်းတွင် အပတ်စဉ် တိုင်းတာစစ်ဆေးရန်။

(ဏ) **တာဝန်ယူဆောင်ရွက်မည့်အဖွဲ့အစည်းများ။** အစီရင်ခံစာပါ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ်တို့အတွက် အစီရင်ခံစာ၌ ဖော်ပြထားသည့်အတိုင်း ဖွဲ့စည်းဆောင်ရွက်ရမည်။

(တ) **အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်း။** ဒေသခံပြည်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်းကို စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နေစဉ်အတွင်း စီမံကိန်းအနီးဝန်းကျင်ရှိဒေသခံများနှင့်စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့ဆန္ဒနှင့် သဘောထားများကိုညှိနှိုင်းဆောင်ရွက်ရမည်။

(ထ) **လျှာထားအသုံးစရိတ်။** ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အတွက် အသုံးပြုမည့် လျာထားအသုံးစရိတ်အား အောက်ပါကတိကဝတ်အတိုင်း ဆောင်ရွက်ရန်နှင့် လုံလောက်မှုမရှိပါက ထပ်မံဖြည့်တင်း ဆောင်ရွက်ရမည်-

(၁) လေအရည်အသွေး ထိခိုက်မှု လျှော့ချခြင်း လုပ်ငန်းစဉ်များအတွက် နှစ်စဉ်အသုံးစရိတ် (၁၀)သိန်းကျပ် သုံးစွဲမည်ကို လိုက်နာရန်၊

(၂) အသံဆူညံမှု ထိန်းချုပ်မှု လျှော့ချခြင်း လုပ်ငန်းစဉ်များအတွက် နှစ်စဉ် အသုံးစရိတ် (၅)သိန်းကျပ် သုံးစွဲမည်ကို လိုက်နာရန်၊

(၃) ရေအရည်အသွေး ထိန်းချုပ်မှု လျှော့ချခြင်း လုပ်ငန်းစဉ်များအတွက် နှစ်စဉ် အသုံးစရိတ် (၁၀)သိန်းကျပ် သုံးစွဲမည်ကို လိုက်နာရန်၊

(၄) အနံ့ဆိုးထွက်ရှိမှု လျှော့ချခြင်း လုပ်ငန်းစဉ်များအတွက် နှစ်စဉ် အသုံးစရိတ် (၅)သိန်းကျပ် သုံးစွဲမည်ကို လိုက်နာရန်၊

(၅) စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုအတွက် လစဉ် အသုံးစရိတ် (၅)သောင်းကျပ် သုံးစွဲမည်ကို လိုက်နာရန်၊

(၆) ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုအတွက် နှစ်စဉ် အသုံးစရိတ် (၁၀)သိန်းကျပ် သုံးစွဲမည်ကို လိုက်နာရန်၊

(၇) လုပ်သားများ ကျန်းမာရေးစောင့်ရှောက်မှုအတွက် နှစ်စဉ် အသုံးစရိတ် (၁၀)သိန်းကျပ် သုံးစွဲမည်ကို လိုက်နာရန်၊

(၈) MERCERIZING PROCESS စီမံခန့်ခွဲမှုအတွက် နှစ်စဉ် အသုံးစရိတ် (၁၀) သိန်းကျပ် သုံးစွဲမည်ကို လိုက်နာရန်၊

(၉) WASHING PROCESS စီမံခန့်ခွဲမှုအတွက် နှစ်စဉ် အသုံးစရိတ် (၁၀) သိန်း ကျပ် သုံးစွဲမည်ကို လိုက်နာရန်၊

(၁၀) ရေသုံးစွဲမှုအတွက် နှစ်စဉ် အသုံးစရိတ် (၅)သိန်းကျပ် သုံးစွဲမည်ကို လိုက်နာရန်၊

(၁၁) မီးဘေးအန္တရာယ် စီမံခန့်ခွဲမှုအတွက် နှစ်စဉ် အသုံးစရိတ် (၁၂) သိန်း ကျပ် သုံးစွဲမည်ကို လိုက်နာရန်၊

(၁၂) အရေးပေါ်တုံ့ပြန်ရေး စီမံခန့်ခွဲမှုအတွက် အသုံးစရိတ် ကျပ် (၁၅) သိန်း လျာထားပါကြောင်း၊

(၁၃) ပတ်ဝန်းကျင် စောင့်ကြပ်ကြည့်ရှု ဆောင်ရွက်ရန်အတွက် နှစ်စဉ် အသုံးစရိတ် ကျပ် (၆၃) သိန်း သုံးစွဲမည်ကို လိုက်နာရန်။

(ဒ) **လုပ်ငန်းပိတ်သိမ်းခြင်း။** စက်ရုံပိတ်သိမ်းခြင်းကို ဆက်စပ်ဌာနဆိုင်ရာများ၏ ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ ပိတ်သိမ်းခြင်း မဆောင်ရွက်မီ တစ်လကြိုတင်၍ ပိတ်သိမ်းမည့် အစီအစဉ်ကို တင်ပြရမည်။

**ပတ်ဝန်းကျင်နှင့်လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာလိုက်နာဆောင်ရွက်ရမည့်စည်းကမ်းသတ်မှတ်ချက်များ**

၇။ စီမံကိန်းအဆိုပြုသူသည် အထက်အပိုဒ် (၆) တွင် ဖော်ပြထားသော ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအရ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကတိကဝတ်များအပြင် အောက်ဖော်ပြပါ စည်းကမ်းချက်များ၊ သတ်မှတ်ချက်များကိုလည်း အပြည့်အဝ လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ဥပဒေ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်း အစီအစဉ်ပါ စည်းကမ်းသတ်မှတ်ချက်များ။** အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းစဉ် (၂၀၁၈-၂၀၃၀)၊ မြန်မာနိုင်ငံအမျိုးသားအဆင့်စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်(၂၀၂၀)တို့နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မြန်မာနိုင်ငံရာသီဥတု ပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းအစီအစဉ်နှင့်အညီ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ရေကြီးခြင်း၊ မြေပြိုခြင်း၊ လျှပ်စီးခြင်းကဲ့သို့သော ဘေးအန္တရာယ်များအတွက် အစီအမံများရေးဆွဲ၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည်၊

(၂) စီမံကိန်းမှထွက်ရှိလာမည့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ၊ မီလ္လာအညစ်အကြေးများ၊ ဓာတုဗေဒစွန့်ပစ်ပစ္စည်းများ၊ စက်မှုလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအား စနစ်တကျစွန့်ပစ်ရန်နှင့် လဟာပြင်မီးရှို့မှု ပပျောက်ရေးဆောင်ရွက်ရမည်၊

(၃) စွန့်ပစ်ပစ္စည်းများအား သက်ဆိုင်ရာက စွန့်ပစ်ပစ္စည်းစုပုံစွန့်ပစ်ရန် သတ်မှတ်ထားသော နေရာများတွင် ဘေးအန္တရာယ်ကင်းရှင်းစွာ စွန့်ပစ်ဆောင်ရွက်ရမည်၊

(၄) စွန့်ပစ်ပစ္စည်းများအား သိမ်းဆည်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ စွန့်ပစ်ခြင်းတို့နှင့်ပတ်သက်၍ ပြန့်ကျဲထွက်ကျမှု၊ အနံ့အသက်ဆိုးများ ထွက်ရှိမှု၊ ဆူညံမှု၊ တုန်ခါမှုတို့ မရှိစေရေး လိုက်နာဆောင်ရွက်ရမည်၊

(၅) စီမံကိန်းမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းနှင့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ စီမံဆောင်ရွက်ထားရှိမှုကို စောင့်ကြပ်ကြည့်ရှုစစ်ဆေးနိုင်ရေးအတွက် စွန့်ပစ်ပစ္စည်းဆိုင်ရာ မှတ်တမ်းပုံစံထားရှိဆောင်ရွက်ရမည်၊

(၆) ဘေးအန္တရာယ်ရှိသော Wastewater Treatment Plant မှ ထွက်ရှိမည့် Sludeg ၊ Painting Process မှ Dyes and Chemicals များ ပါဝင်သည့် Rags, Gloves များ၊

ပ

Chemical ထည့်သည့် Packing ပစ္စည်းများနှင့် အဝတ် ဖြတ်စ၊ ညှပ်စများ အတွက် ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေသော စီမံခန့်ခွဲမှု စနစ်ကို တိုးမြှင့် ဆောင်ရွက်ရမည်၊

(၇) စီမံကိန်းမှထွက်ရှိလာမည့် အရည်အသွေးနှင့် သတ်မှတ်ချက်မပြည့်မီသည့် ကုန်ကြမ်းနှင့် ကုန်ချောပစ္စည်းများ၊ စွန့်ပစ်ပစ္စည်းများကို ထွက်ရှိမှု လျှော့ချခြင်း (Reduce)၊ ပြန်လည်သုံးစွဲခြင်း (Reuse) နှင့် ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်း (Recycle) 3Rs စနစ်ဖြင့် စီမံဆောင်ရွက်ရမည်၊

(၈) စီမံကိန်းမှထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများစီမံခန့်ခွဲမှုအတွက် အစဉ်လည်ပတ်နေသည့် ရန်ပုံငွေထားရှိဆောင်ရွက်ရမည်၊

(၉) Air Condition နှင့် အခြား Gas အသုံးပြုသည့် ပစ္စည်းများအတွက် Gas အသုံးပြုရာတွင် ပတ်ဝန်းကျင်၊ ရာသီဥတုနှင့် လူမှုဝန်းကျင်အပေါ် သက်ရောက်မှုနည်းသော Gas အမျိုးအစားအား အသုံးပြုရမည်၊

(၁၀) Domestic Wastewater များအား စနစ်တကျ သန့်စင်၍ NEQEGs အတွင်းရှိစေပြီး ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုမရှိစေရေး ဆောင်ရွက်ပြီးမှသာ စွန့်ပစ်ရမည်၊

(၁၁) စီမံကိန်းရှိ အလုပ်သမားများအတွက် လေဝင်လေထွက်ကောင်းမွန်စေရေး ဆောင်ရွက်သွားရန်နှင့် Indoor Air Quality Monitoring Device တပ်ဆင်ဆောင်ရွက်သွားရမည်၊

(၁၂) အဆိုပြုစီမံကိန်းတွင် နိုင်ငံခြားသားဝန်ထမ်းများ ခန့်အပ်တာဝန်ထမ်းဆောင်ပါက မြန်မာ့ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ထုံးစံများကို လေးစားလိုက်နာရန်နှင့် လူမှုရေးဆိုင်ရာ ပြဿနာများ မဖြစ်ပေါ်စေရေး ဆောင်ရွက်ရမည်။

(ခ) **စံချိန်စံညွှန်းစည်းကမ်းသတ်မှတ်ချက်များ။** စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေး၊ ဆူညံသံ၊ အလုပ်စခန်းများ၊ မိလ္လာစနစ်များ၊ အိမ်တွင်း ရေဆိုးများနှင့် စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၊ အထွေထွေလမ်းညွှန်ချက်ပါ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရမည်၊

V/

(၂) ဆူညံသံအတွက် စီမံကိန်းဧရိယာပြင်ပရှိ အနီးဆုံးလက်ခံသည့် နေရာတွင် အခြေခံအဆင့်မှ အများဆုံးမြင့်တက်မှု ၃ dBA ထက် မကျော်လွန်စေရေး လိုက်နာဆောင်ရွက်ရမည်၊

(၃) ရေအရင်းအမြစ်အသုံးပြုမှုနှင့်ပတ်သက်၍ သက်ဆိုင်ရာ စည်ပင်သာယာရေးဦးစီး ဌာနနှင့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ စည်းကမ်းချက်၊ ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရမည်၊

(၄) ကုန်ကြမ်းများအား ပြည်ပနိုင်ငံများမှ ရယူတင်သွင်းမှုနှင့်ပတ်သက်၍ ပြည်တွင်း၌ ပြဋ္ဌာန်း ထားသည့် ဥပဒေများနှင့် နိုင်ငံတကာသဘောတူညီချက်များနှင့်အညီ လိုက်နာတင်သွင်းရန်နှင့် လုပ်ငန်းအတွက် အသုံးပြုသည့် ကုန်ကြမ်းပစ္စည်းများ နှင့် ဓာတုပစ္စည်းများသယ်ယူပို့ဆောင်မှု၊ သိုလှောင်မှု၊ ကိုင်တွယ်အသုံးပြုမှုနှင့် စွန့်ပစ်မှုတို့ဆောင်ရွက်ရာတွင် Material Safety Data sheet ပါ စည်းကမ်း သတ်မှတ်ချက်များ၊ လမ်းညွှန်ချက်များနှင့် သက်ဆိုင်ရာဌာန စည်းကမ်းသတ်မှတ်ချက် များ၊ လမ်းညွှန်ချက်များအတိုင်း လိုက်နာဆောင်ရွက်ရမည်၊

(၅) စီမံကိန်းနှင့်ဆက်စပ်သော အခြားသက်ဆိုင်ရာ မူဝါဒ၊ ဥပဒေနှင့် သတ်မှတ်ချက် များကို လိုက်နာဆောင်ရွက်ရမည်။

(ဂ) **ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲရေးဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** ဇီဝမျိုးစုံမျိုးကွဲစီမံ ခန့်ခွဲမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အလုပ်သမားများမှ တောရိုင်းတိရစ္ဆာန်များအား ဖမ်းဆီးခြင်း၊ ဝယ်ယူခြင်း၊ တရားမဝင်သစ်ခုတ်ခြင်းများ မရှိစေရေး ကြပ်မတ်ဆောင်ရွက် ရမည်။

(ဃ) **စွန့်ပစ်ပစ္စည်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ ။** စွန့်ပစ်ပစ္စည်းဆိုင်ရာ စည်းကမ်း သတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) Caustic Soda စသည့် Chemical ထည့်သည့် Packing ပစ္စည်းများအား Domestic Waste များနှင့် ရောထွေးစွန့်ပစ်ခြင်းမပြုဘဲ Special Disposal Method ဖြင့် စွန့်ပစ်ရန်၊

(၂) လုပ်ငန်းစဉ်မှ ထွက်ရှိမည့် Cardboard Boxes, Plastic Wraps များအား စနစ်တကျ စွန့်ပစ်ဆောင်ရွက်ရန်၊

(၃) Painting Process မှ Dyes and Chemicals များ ပါဝင်သည့် Rags, Gloves များအား စနစ်တကျ စွန့်ပစ်ဆောင်ရွက်ရန်၊

(၄) Wastewater Treatment Plant မှ ထွက်ရှိမည့် Sludge များအား Special Disposal Method ဖြင့် စွန့်ပစ်ရန်၊

(၅) လုပ်ငန်းစဉ်မှ ထွက်ရှိမည့် ဖြတ်စ၊ ညှပ်စများအား ဘေးပတ်ဝန်းကျင်သို့ ပျံ့နှံ့မှု မရှိအောင် Final Disposal သို့ မပို့ဆောင်မီ စက်ရုံရှိ ယာယီသိုလှောင်ရုံ၌ စနစ်တကျ ထားရှိဆောင်ရွက်ရန်နှင့် Final Disposal သို့ ပို့ဆောင်သယ်ယူရာ၌ ဖိတ်စင်မှု မရှိစေရေး စနစ်တကျဆောင်ရွက်ရန်။

(င) **စွန့်ပစ်ရေဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ** ။ စွန့်ပစ်ရေဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စက်ပစ္စည်း(Equipment and Machinery)များ ဆေးကြောသန့်စင်ခြင်းမှ ထွက်ရှိမည့် စွန့်ပစ်ရေတွင် သေးငယ်သည့် အဝတ်ဖြတ်စ၊ ညှပ်စများ၊ Chemical များပါဝင်သည့် စွန့်ပစ်အဝတ်စများ ပါဝင်နိုင်သည့်အတွက် စနစ်ကျသည့် Treatment System ထားရှိဆောင်ရွက်ရန်၊

(၂) Wastewater Treatment System မှ ထွက်ရှိမည့် Sludge တွင် Fiber, Chemical ပါဝင်မည်ဖြစ်သဖြင့် စနစ်တကျစွန့်ပစ်ဆောင်ရွက်ရန်၊

(၃) လုပ်ငန်းစဉ်အဆင့်ဆင့်နှင့် အထွေထွေအသုံးပြုခြင်းမှ ထွက်ရှိသော စွန့်ပစ်အရည်များအား Filter Press System နှင့် Wastewater Treatment System တို့တွင် သန့်စင်၍ စွန့်ထုတ်ဆောင်ရွက်ရန်၊

(၄) Wastewater Treatment Plant မှ ထွက်ရှိမည့် ရေဆိုး၏ Arsenic, Chlorine (total residual), Copper, Cyanide (free), Cyanide (total), Fluoride, Heavy metals (total), Iron, Lead, Mercury, Nickel, Oil and grease, pH, Phenols, Selenium, Silver, Sulfide, Temperature increase, Total coliform bacteria, Total phosphorus, Total suspended solids, Zinc စသည့် Parameter များအား အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၏ အထွေထွေလမ်းညွှန်ချက် အပိုဒ် (၁.၂) ပါ သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ရန်၊

(၅) Wastewater Treatment Plant မှ ထွက်ရှိမည့် ရေဆိုး၏ 5-day Biochemical oxygen demand, COD, Ammonia, Cadmium, Chlorine (total residual), Color, Chromium(hexavalent) စသည့် Parameter များ အား အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၏

အထွေထွေလမ်းညွှန်ချက် အပိုဒ်(၂.၃.၂.၁)ပါ သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ရန်၊

(ဧ) **ကျန်းမာရေးနှင့်လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းချက်များနှင့်စပ်လျဉ်း၍ စီမံကိန်းလုပ်ငန်းကြောင့် ထိခိုက်ခံစားရမည့် ဒေသခံများအတွက် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အခြေခံအဆောက်အဦဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်ခန့်ထားခြင်း၊ ရေရှည်လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေး တို့ကို ဆောင်ရွက်ပေးရန်နှင့် ဝန်ထမ်းများ၏ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး တို့ကို ဆောင်ရွက်ရမည်။

(ဆ) **ဒေသခံများနှင့်တိုင်ပင်ဆွေးနွေးခြင်းဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းအဆိုပြုသူသည် ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးခြင်းလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည်-

(၁) ဘေးအန္တရာယ်ရှိ လုပ်ငန်းများအပါအဝင် တည်ဆောက်ရေးလုပ်ငန်းများနှင့် ဆောင်ရွက်မည့်လုပ်ငန်းများကို ဒေသခံပြည်သူများသို့ ကြိုတင်အသိပေး ဆောင်ရွက်ရန်၊

(၂) တည်ဆောက်ရေးကာလအတွင်း ယာဉ်သွားလာမှု လမ်းကြောင်းများ၊ ယာဉ်သွားလာမှုကြောင့် ဖြစ်နိုင်သောအနှောင့်အယှက်များ၊ ပတ်ဝန်းကျင်သာယာမှု အပေါ် ထိခိုက်မှုများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဒေသခံများသို့ ကြိုတင်အသိပေးရန်၊

(၃) ဒေသခံပြည်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ ပူးပေါင်းပါဝင်စေခြင်း၊ နစ်နာမှုဖြေရှင်းရေးလုပ်ငန်းစဉ်များကိုလုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားရန်။

(ဇ) **အစီရင်ခံတင်ပြခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာစီမံခန့်ခွဲမှုအစီအစဉ်များ၊ စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များ ဖြစ်ပွားပါက ဝန်ကြီးဌာနသို့ နှောင့်နှေးမှုမရှိစေဘဲ အစီရင်ခံတင်ပြရမည်-

(၁) ပစ္စည်းကိရိယာများ သို့မဟုတ် နည်းစနစ်များ မှားယွင်းအလုပ်လုပ်ခြင်း၊ ပျက်စီးခြင်း သို့မဟုတ် အလုပ်မလုပ်တော့ခြင်း၊

(၂) သိသာထင်ရှားသော ညစ်ညမ်းမှုဖြစ်ပေါ်စေခဲ့သော သို့မဟုတ် ဖြစ်ပေါ်နေစေသော သို့မဟုတ် ဖြစ်ပေါ်စေနိုင်သော မတော်တဆမှုတစ်ခု ဖြစ်ပွားခြင်း သို့မဟုတ် ထုတ်လွှတ်မှု ကန့်သတ်တန်ဖိုးဖြင့် ထိန်းချုပ်ထားခြင်း မရှိသည့် အရာဝတ္ထုတစ်ခု ထုတ်လွှတ်ခြင်း၊

(၃) သတ်မှတ်ဖော်ပြထားသည့် ကန့်သတ်တန်ဖိုး တစ်ခုခုကို ကျော်လွန်ခြင်း၊

(၄) ပတ်ဝန်းကျင်နှင့် သက်ရှိတို့၏ ကျန်းမာရေးတို့အပေါ် သိသာထင်ရှားသော ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်ခြင်း၊

(၅) စီမံကိန်းအဆိုပြုသူသည် ယင်း၏တာဝန်များပျက်ကွက်မှု သို့မဟုတ် အခြားလုပ်ငန်းများဆောင်ရွက်ရန် ပျက်ကွက်မှု သို့မဟုတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုများကို ဖြစ်နိုင်သမျှဆောလျင်စွာ ဝန်ကြီးဌာနသို့ စာဖြင့်အသိပေး တင်ပြရမည်။ ပျက်ကွက်မှုတစ်ရပ်ရပ်ကြောင့် အန္တရာယ်ဖြစ်စေနိုင်သော ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုဖြစ်လာနိုင်သည့် အကြောင်းကိစ္စရပ် သို့မဟုတ် ဝန်ကြီးဌာနက အမြန်သိရှိရန်လိုအပ်သည့် အကြောင်းကိစ္စရပ်ကို (၂၄)နာရီအတွင်း လည်းကောင်း၊ အခြားအကြောင်းကိစ္စရပ်များ အားလုံးတွင် စီမံကိန်းအဆိုပြုသူက ယင်းဖြစ်စဉ်ဖြစ်ရပ်ကို စတင်သိရှိသည့်အချိန်မှ (၇) ရက်အတွင်း လည်းကောင်း ဝန်ကြီးဌာနသို့ အသိပေးတင်ပြရမည်၊

(၆) စီမံကိန်း၏ အရွယ်အစား၊ နယ်ပယ်အတိုင်းအတာ၊ တည်နေရာ၊ အခင်းအကျင်း၊ နည်းပညာ၊ ကြိုတင်မျှော်မှန်းနိုင်သော ဆိုးကျိုးသက်ရောက်မှုကြောင့် ဖြစ်လာသည့် အန္တရာယ်၊ ထုတ်လုပ်မှုနည်းလမ်း သို့မဟုတ် ညစ်ညမ်းမှုတို့ကို တားဆီးရန် သို့မဟုတ် လျှော့ချရန် ဆောင်ရွက်မှုတို့တွင် အဓိကပြောင်းလဲခြင်း သို့မဟုတ် တိုးချဲ့ခြင်း သို့မဟုတ် ဒုတိယ တိုးချဲ့ဆောင်ရွက်ရန် အဆိုပြုခြင်း ဖြစ်ပါက စီမံကိန်းအဆိုပြုသူသည် သတ်မှတ်ထားသော အချိန်ဇယားအတွင်း ပြောင်းလဲမှုများ၏ သတင်းအချက်အလက်များနှင့်အတူ ဝန်ကြီးဌာနသို့ တင်ပြရမည်၊

(၇) စီမံကိန်းဧရိယာအတွင်းတွင် မမျှော်လင့်သော ဘေးအန္တရာယ်များကြောင့် လည်းကောင်း၊ ပတ်ဝန်းကျင်နှင့် လူမှုရေးအခြေအနေပြောင်းလဲမှုများကြောင့် လည်းကောင်း၊ ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်မှုများအပေါ် မူတည်၍ သက်ဆိုင်ရာကဏ္ဍအလိုက် စီမံခန့်ခွဲမှုအစီအစဉ်များအား ဝန်ကြီးဌာနသို့ ပြန်လည်တင်ပြရမည်၊

(ဂ) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာတင်ပြရာတွင် အောက်ပါအချက်များ ပြည့်စုံစွာ တင်ပြရမည်-

(ကက) စည်းကမ်းချက်များအားလုံးကို လိုက်နာကြောင်း သက်သေခံစာရွက် စာတမ်းအထောက်အထားများ၊

(ခခ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်မှုအတွက် တင်ပြထားသည့် အကောင်အထည်ဖော်မှုဇယားအတိုင်း ဆောင်ရွက်ရာတွင် အစီရင်ခံသည့်အချိန်အထိတိုးတက်မှု၊

(ဂဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသော အခက်အခဲများ၊ ယင်းအခက်အခဲများကို ကုစားရန် အကြံပြုချက်များနှင့် အလားတူအခက်အခဲများ၊ အနာဂတ်တွင် တွေ့ကြုံရနိုင်မှုကို တားဆီးကာကွယ်ရန် သို့မဟုတ် ရှောင်လွှဲရန် အဆိုပြုသည့် ဆောင်ရွက်မှုများ၊

(ဃဃ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့် အကြိမ်နှင့် အမျိုးအစား၊ အဆိုပြုသည့် ကုစားမှု ဆောင်ရွက်ချက်များနှင့် ကုစားမှုပြီးမြောက်ရမည့် အချိန်သတ်မှတ်ချက်များ၊

(ငင) လုပ်ငန်းခွင်နှင့် လူမှုအဖွဲ့အစည်း၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်နှင့်စပ်လျဉ်း၍ ဖြစ်ပွားသော မတော်တဆမှုများနှင့် ဖြစ်စဉ်ဖြစ်ရပ်များ၊

(စစ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ သတ်မှတ်ထားသည့် သို့မဟုတ် အခြားလိုအပ်သည့် ပတ်ဝန်းကျင်ဆိုင်ရာအဝိုင်းအဝန်းအတာနှင့် စည်းကမ်းချက်များဆိုင်ရာ အချက်အလက်များအား စောင့်ကြပ်ကြည့်ရှုမှု၊

(ဃ) စီမံကိန်းအဆိုပြုသူသည် တည်ဆောက်ရေးအဆင့်လုပ်ငန်းများ ဆောင်ရွက်ပြီးနောက်တွင် စီမံကိန်း၏ လုပ်ငန်းခွင်ပြမြေပုံများ၊ လုပ်သားနေရာထိုင်ခင်းစီမံချက်များ၊ တည်ဆောက်ရေးလုပ်ငန်းကို ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း အထောက်အထားများပါဝင်သည့် စီမံကိန်း၏အပြီးသတ်လုပ်ငန်းအစီအစဉ်များကို ကနဦးတင်ပြမည့် စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့် ပူးတွဲ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြရမည်။

(ဈ) **ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းဆောင်ရွက်မည့် နေရာဒေသများတွင် မြေပေါ်/မြေအောက်ရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်နှင့်သက်ဆိုင်သည့် အထောက်အထားများ၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ၊ ရှေးဟောင်းအဆောက်အအုံများတွေ့ရှိပါက ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာနသို့ ချက်ချင်းဆက်သွယ် သတင်းပို့ အကြောင်းကြားရမည်။

(ည) **လူမှုတာဝန်သိအစီအစဉ် (CSR) ဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** လူမှုတာဝန်သိအစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများအား လက်ရှိသို့မဟုတ် စီမံကိန်းမဆောင်ရွက်မီကာလထက် မနိမ့်ကျသော လူမှုစီးပွားရေးတည်ငြိမ်ခိုင်မာမှုရရှိသည်အထိ ဆောင်ရွက်ပေးရန်နှင့် သက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်တည်ထောင်ရေးနှင့် ပြန်လည်နေရာချထားရေး အစီအစဉ်များကို စီမံကိန်းကြောင့်ထိခိုက်ခံစားရသူများ၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ အခြားသက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေး၍ လိုအပ်သလို ပံ့ပိုးနိုင်ရေးစီစဉ်ဆောင်ရွက်ရမည်၊

(၂) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ (Community Development Plan) ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုး တိုးတက်ရေးစီမံကိန်း (Township Development Plans)များနှင့် ချိတ်ဆက်ဆောင်ရွက်ရန်နှင့် စီမံကိန်းအနီးရှိဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုအပ်ချက်များအား အလေးထား ပေါင်းစပ်ဆောင်ရွက်ရမည်။

(ဋ) **အများပြည်သူသိရှိနိုင်ရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းအဆိုပြုသူသည် အတည်ပြုထားသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို စီမံကိန်းနှင့် ဆက်စပ်ပတ်သက်သူများနှင့် အများပြည်သူများသိရှိနိုင်ရေးအတွက် မြန်မာဘာသာဖြင့်ရေးသားဖော်ပြထားသော အကျဉ်းချုပ်အစီရင်ခံစာနှင့် လိုက်နာဆောင်ရွက်မည့်ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာကတိကဝတ်များအား ဖြန့်ဝေအသိပေးထုတ်ဖော်ကြေညာရမည်။

(ဌ) **စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်ဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် သက်ဆိုင်ရာအခွင့်အမိန့်ရ အဖွဲ့အစည်းထံမှစာဖြင့်ခွင့်ပြုချက်ကိုလက်ခံရရှိသည့်အခါ အကြိုတည်ဆောက်ခြင်း၊ တည်ဆောက်

ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်စဲခြင်း၊ လုပ်ငန်းပိတ်သိမ်းခြင်း၊လုပ်ငန်းပိတ်သိမ်းပြီးကာလဟူသည့် စီမံကိန်းအဆင့်အားလုံးတွင် ဆိုးကျိုးသက်ရောက်မှုအားလုံးအတွက် စီမံကိန်းနှင့်ဆက်စပ်ဆောင်ရွက်မှုများ အပေါ် မိမိကိုယ်မိမိ ဘက်စုံစောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းကို လက်တွေ့ စဉ်ဆက်မပြတ် ဆောင်ရွက်ရမည့်အပြင် သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် စံချိန်စံညွှန်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းသတ်မှတ်ချက်များနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ ကတိကဝတ်များကို လိုက်နာဆောင်ရွက်ရမည်၊

(၂) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရန်၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေး လုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရာမှ ရရှိသောရလဒ်များကို မှတ်တမ်းတင် ထိန်းသိမ်းထားရန်၊ ယင်းမှတ်တမ်းများတွင် နမူနာစုဆောင်း ရယူခြင်းနှင့် ဓာတ်ခွဲဆန်းစစ်ခြင်းရလဒ်များ၊ ကိရိယာဖြင့် တိုင်းတာချက်များ၊ ချိန်ညှိ တွက်ချက်ခြင်းများ (Calibrations)၊ စစ်ဆေးခြင်းများ၊ စမ်းသပ်ခြင်းနှင့် စာရင်းကောက်ခြင်း၊ အချက်အလက်အခြေခံအဖြစ် အသုံးပြုသည့် ဆန်းစစ်လေ့လာမှုများစသည်တို့ ပါဝင်ရမည်။ မှတ်တမ်းများအားလုံးသည် ဖတ်ရှုနိုင်ရမည်ဖြစ်ပြီး ကြောင်းကျိုးညီညွတ်စွာဖြင့် အသုံးချနိုင်ရမည်။ ပြင်ဆင်ဖြည့်စွက်မှုများရှိပါက မူရင်းမှတ်တမ်းနှင့် ပြင်ဆင်ဖြည့်စွက်ထားသော မှတ်တမ်းနှစ်မျိုးလုံးကို ဖတ်ရှုနိုင်သည့်သို့မဟုတ် ပြန်လည်ဖော်ဆောင်ရယူနိုင်သည့် နည်းလမ်းဖြင့် ပြင်ဆင်ဖြည့်စွက်ရန်နှင့် ဝန်ကြီးဌာနမှစာဖြင့် သီးခြားရေးသား သဘောတူထားခြင်း မရှိပါက မှတ်တမ်းများအားလုံးကို ထိန်းသိမ်းထားရမည်၊

(၃) စောင့်ကြပ်ကြည့်ရှုမည့်နယ်ပယ် (ရေ၊ လေ၊ ဆူညံသံ) များ၊ နည်းစနစ်များ၊ နမူနာစုဆောင်းခြင်းနှင့် ဓာတ်ခွဲစမ်းသပ်ခြင်း၊ စောင့်ကြပ်တိုင်းတာမည့် နေရာ၊ အကြိမ်အရေအတွက်၊ အချိန်ဇယားနှင့် မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်း စသည်တို့ကိုရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ (၆)လ တစ်ကြိမ် တင်ပြရန်

နှင့် အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနသို့တင်ပြသည့်နေ့ရက်မှ (၁၀) ရက် အတွင်း ထုတ်ဖော်ကြေညာရမည်၊

(၄) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် ကုစားပြင်ဆင်ရေး လုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လိုက်နာ ဆောင်ရွက်ရန်နှင့် စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်တွင် ဖော်ပြထားသည့် ကတိကဝတ်အတိုင်း လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရမည်၊

(၅) စီမံကိန်းအဆိုပြုသူသည် စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား ဤဝန်ကြီးဌာန သို့ တင်ပြသည့် နေ့ရက်မှ (၁၀) ရက်အတွင်း အမျိုးသားလုံခြုံရေးဆိုင်ရာ ကိစ္စရပ် များမှတစ်ပါး အများပြည်သူသိရှိနိုင်ရန် စီမံကိန်း၏ ဝက်ဘ်ဆိုဒ်တွင် လည်းကောင်း၊ စာကြည့်တိုက်များ၊ ပြည်သူ့ခန်းမများစသည့် အများပြည်သူ စုဝေးရာနေရာများတွင်လည်းကောင်း၊ စီမံကိန်းရုံးဌာနများတွင် လည်းကောင်း အများပြည်သူသိရှိနိုင်စေရန်တင်ပြရမည်။ မည်သည့်အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်မဆို စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ၏ ဒီဂျစ်တယ်မိတ္တူကို တောင်းခံ နိုင်ပြီး စီမံကိန်းအဆိုပြုသူသည် ယင်းတောင်းခံချက်ကို ရရှိပြီးနောက် (၁၀) ရက် အတွင်း ဒီဂျစ်တယ်မိတ္တူကို အီးမေးလ်ဖြင့်ဖြစ်စေ၊ တောင်းခံသူနှင့် သဘောတူညီ ထားသည့် အခြားနည်းလမ်းဖြင့်ဖြစ်စေ ပေးပို့ဆောင်ရွက်ရမည်၊

(၆) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းလုပ်ငန်းများ သို့မဟုတ် စီမံကိန်းနှင့် ဆက်စပ်သည့် လုပ်ငန်းများကို ဆောင်ရွက်နေသည့် စီမံကိန်းရုံး၊ စီမံကိန်း လုပ်ငန်းခွင်နေရာနှင့် အခြားမည်သည့်နေရာကိုမဆို ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းနှင့် စပ်လျဉ်း၍ ပုံမှန်အလုပ်ချိန်အတွင်း မည်သည့်အချိန်တွင်ဆို ဝင်ရောက်ကြည့်ရှု နိုင်ရေး ခွင့်ပြုရမည်၊

(၇) အရေးပေါ်အခြေအနေတစ်ရပ်ဖြစ်ပေါ်လျှင်သော်လည်းကောင်း၊ စီမံကိန်းသည် သက်ဆိုင်ရာပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ သတ်မှတ်ချက်များအား ချိုးဖောက်သည် သို့မဟုတ် ချိုးဖောက်နိုင်ဖွယ်ရှိသည်ဟု ဝန်ကြီးဌာနက ထင်မြင် ယူဆလျှင်သော်လည်းကောင်း၊ ဝန်ကြီးဌာနက သတ်မှတ်သည့် မည်သည့် အချိန်တွင်မဆို စီမံကိန်းလုပ်ငန်းခွင်ရှိ မည်သည့်နေရာမဆို ချက်ချင်းဝင်ရောက် နိုင်ရေး ခွင့်ပြုရမည်၊

(၈) စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနကစစ်ဆေးခြင်းကို ဆောင်ရွက်ရန် လိုအပ် သည့် ဓာတ်ပုံရိုက်ကူးခြင်း၊ အသံသွင်းခြင်း၊ ဗီဒီယိုရိုက်ကူးခြင်း၊ မြေသား၊

နှုန်းအနည်းအနှစ်၊ ရေနှင့် လေနမူနာများရယူခြင်းနှင့် ကွန်ပျူတာများကို စစ်ဆေးခြင်း၊ ဒီဂျစ်တယ်စာတွဲများအပါအဝင် စာရွက်စာတမ်း အထောက်အထားများကို မိတ္တူကူးခြင်း၊ လူပုဂ္ဂိုလ်များကို တွေ့ဆုံမေးမြန်းခြင်းနှင့် လိုအပ်သည်ဟု ယူဆသည့် အခြားစုံစမ်းစစ်ဆေးခြင်း အပါအဝင် မည်သည့်နည်းလမ်းဖြင့်မဆို စစ်ဆေးဆောင်ရွက်ခြင်းကို လိုက်နာဆောင်ရွက်ရမည်၊

(ဇ) ဝန်ကြီးဌာနမှဖြစ်စေ၊ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ ပတ်ဝန်းကျင်စစ်ဆေးသည့် ကုန်ကျစရိတ်များ၊ စစ်ဆေးသူများအတွက် ကုန်ကျစရိတ်များ ကျခံခြင်းနှင့် ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၁၂၂ နှင့်အညီ စီမံကိန်းအဆိုပြုသူမှကျခံရမည်။

**သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များ**

၈။ သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များနှင့်ပတ်သက်၍ အောက်ဖော်ပြပါ အချက်တို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းသည် ထုတ်ပေးသည့်နေ့ရက်မှစ၍ (၅) နှစ်ဖြစ်သည်။ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းမကုန်ဆုံးမီ (၆)လ ကြိုတင်၍သက်တမ်းတိုးရန် ဝန်ကြီးဌာနသို့ လျှောက်ထားရမည်၊

(ခ) စီမံကိန်းအဆိုပြုသူသည် သက်သေခံလက်မှတ်ရရှိပြီးပထမ(၂)နှစ်အတွင်း စီမံကိန်း ၏ အကောင်အထည်ဖော်မှုကို စတင်ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ခြင်းကို စတင်ဆောင်ရွက်သည့်နေ့မှ ရက်ပေါင်း(၃၀)ထက် နောက်မကျစေဘဲ ဤဦးစီးဌာနသို့ စာဖြင့်သတင်းပို့ အကြောင်းကြားရမည့်အပြင် စီမံကိန်းကို အကောင်အထည်ဖော်ရာတွင် ပါဝင်သော ဆောင်ရွက်မှုများကို သတ်မှတ်ဖော်ပြရမည်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအကောင်အထည်ဖော်မှုကို မည်သည့်အတွက်ကြောင့် စတင်နိုင်ခြင်းမရှိကြောင်းနှင့် စတင်အကောင်အထည်ဖော်နိုင်ရန် အချိန်ကာလ မည်မျှလိုအပ်ကြောင်းကို အကျိုးအကြောင်းဖော်ပြ၍ ထိုလိုအပ်သည့် ကာလအတွက် အချိန်တိုးပေးရန် တင်ပြချက်အရ ဝန်ကြီးဌာနက အချိန်တိုးပေးသည့်ကိစ္စမှတစ်ပါး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ရရှိပြီး (၂)နှစ်အတွင်း စီမံကိန်းကိုထိရောက်စွာ အကောင်အထည်ဖော်မှုအား စတင်ဆောင်ရွက်ခြင်းမပြုလျှင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အသစ်ပြုလုပ် တင်ပြရမည်၊

(ဃ) စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောက်ပါအချက်များ တွေ့ရှိရပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို ဝန်ကြီးဌာနမှ ပြင်ဆင်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်ကို ပြန်လည်ပြင်ဆင်စေပြီး တင်ပြရန် ညွှန်ကြားပါက စီမံကိန်းအဆိုပြုသူက လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းကြောင့် အမှန်တကယ်ထိခိုက်မှု သို့မဟုတ် ထိခိုက်နိုင်မှုများကို လျှော့ချရန် ဆောင်ရွက်မှုများသည် ပြည့်စုံမှုမရှိခြင်း သို့မဟုတ် လုံလောက်မှု မရှိခြင်း၊

(၂) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် မည်ကဲ့သို့ထိခိုက်မှုဖြစ်စေကြောင်း သို့မဟုတ် ဖြစ်စေနိုင်ကြောင်း သို့မဟုတ် ဖြစ်လာကြောင်း သိရှိနိုင်ရန် သတင်းအချက်အလက်သစ်များ ထွက်ပေါ်လာခြင်း၊

(၃) စီမံကိန်းသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို မူလအတည်ပြုခဲ့သည့် အချိန်မှ ကြိုတင်သိမြင်နိုင်ခြင်းမရှိသော ဆိုးကျိုးသက်ရောက်မှုများရှိခြင်း၊

(၄) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် မူလပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် စည်းကမ်းချက်များထုတ်ပေးခြင်း၊ ပြင်ဆင်ခြင်း၊ တင်သွင်းခြင်းနှင့် အတည်ပြုခြင်းများအတွက် အခြေခံအချက်များ ထုတ်ဖော်ခဲ့စဉ်က မျှော်မှန်းထားသည့် ထိခိုက်မှုထက် ပိုမိုကြီးမားခြင်း၊

(၅) အကောင်းဆုံးရရှိနိုင်သောနည်းလမ်း အဓိပ္ပာယ်ဖွင့်ဆိုချက်အရ စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုကို ထူးခြားစွာ လျှော့ချနိုင်ခြင်း၊

(၆) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများကို စီမံကိန်းတွင် စီးပွားရေးအရ သိသိသာသာ အပိုကုန်ကျစရိတ် မဖြစ်စေဘဲ အလေ့အကျင့်ကောင်းများဖြင့် လျှော့ချနိုင်ခြင်း၊

(၇) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ထားသော နည်းလမ်းများ/စည်းကမ်းချက်များသည် ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချရာတွင် မလိုအပ်တော့ဟု ဆုံးဖြတ်နိုင်ခြင်း။

၉။ **ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေဆိုင်ရာ စည်းကမ်းချက်များ။** ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ရန်ပုံငွေနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ ၃၀ နှင့်အညီ ညစ်ညမ်းမှု (ထုတ်လွှတ်မှု၊ စွန့်ပစ်ပစ္စည်း) ဖြစ်စေခြင်းအတွက် ပေးဆောင်ငွေများ၊ သယံဇာတအသုံးပြုမှုနှင့်

ဂေဟာစနစ်ဝန်ဆောင်မှုများမှ အကျိုးရရှိခြင်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ရန်ပုံငွေတွင် ပေးဆောင်ငွေများအဖြစ် ထည့်ဝင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီ၏ အတည်ပြုချက်ဖြင့် ဤဝန်ကြီးဌာနက သတ်မှတ်ပါက စီမံကိန်း အဆိုပြုသူမှ ငွေကြေးထည့်ဝင်ရမည်၊

(ခ) စီမံကိန်းအဆိုပြုသူသည် ငွေရေးကြေးရေး အာမခံချက်များအားလုံးကို ဝန်ကြီးဌာနမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် သတ်မှတ်/ပြင်ဆင် တောင်းခံပါက ထည့်ဝင်ရမည်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အစီရင်ခံစာတွင် ဖော်ပြထားသည့်အတိုင်း ရန်ပုံငွေ ထူထောင်ထားရှိရမည်၊

(ဃ) စီမံကိန်းအဆိုပြုသူအနေဖြင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများအတွက် ထည့်သွင်းဖော်ပြထားသည့် လျာထားအသုံးစရိတ် များနှင့် ပတ်သက်၍ သီးခြားငွေစာရင်းဖွင့်လှစ်ထားသော အထောက်အထား အချက်အလက်ဖြင့် ထည့်သွင်းဖော်ပြရမည်။

**အထွေထွေစည်းကမ်းချက်များ**

၁၀။ စီမံကိန်းအဆိုပြုသူသည် စီမံကိန်းဒီဇိုင်းနှင့် စီမံကိန်းလုပ်ငန်းများကို ပြင်ဆင်ရန်ရှိပါက ဝန်ကြီးဌာနသို့ ကြိုတင်အသိပေးတင်ပြရမည်။

၁၁။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ဤလက်မှတ်ပါ လုပ်ငန်းနှင့်သာ သက်ဆိုင်စေရမည်။

၁၂။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး စီမံကိန်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုမိန့်မှာ သက်ဆိုင်ရာဌာန၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရန်ဖြစ်သည်။ စီမံကိန်းသက်တမ်းအတွင်း စစ်ဆေးမှု ပြုလုပ်ချိန်တွင် ခွင့်ပြုမိန့်စာရွက်စာတမ်း အထောက်အထားများအားလုံးကို တင်ပြရမည်။

၁၃။ စီမံကိန်းပိုင်ရှင်နှင့်အဆိုပြုထားသောလွှဲပြောင်းလက်ခံသူတို့၏ ပူးပေါင်းလျှောက်ထားချက် အရ ဤသက်သေခံလက်မှတ် သို့မဟုတ် ယင်း၏အစိတ်အပိုင်းတစ်ရပ်ရပ်ကို အဆိုပြုထားသော လွှဲပြောင်းလက်ခံသူထံ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိပြီးမှသာ လွှဲပြောင်းရမည်။

၁၄။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အပိုဒ် ၁၀၂ အရ စီမံကိန်း အဆိုပြုသူသည် မိမိကိုယ်တိုင်ကြောင့်ဖြစ်စေ မိမိကိုယ်စားဆောင်ရွက်ရန် ခန့်ထားခြင်း သို့မဟုတ်

ငှားရမ်းခြင်း သို့မဟုတ် အခွင့်အာဏာပေးခြင်းပြုထားသည့် ကန်ထရိုက်တာ၊ လက်ခွဲဆောင်ရွက်ပေးသူ ဆပ်ကန်ထရိုက်တာ၊ အရာရှိ၊ အလုပ်သမား၊ ကိုယ်စားလှယ် သို့မဟုတ် အတိုင်ပင်ခံများ၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်ဖြစ်စေ ပေါ်ပေါက်သည့် ဆိုးကျိုးသက်ရောက်မှုများ အားလုံးတို့အတွက် တာဝန်ရှိသည်။

၁၅။ စီမံကိန်းအဆိုပြုသူသည် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာမှုမရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူခြင်းခံရမည်။